JUSTICE FOR MYANMAR

# ထူးကုမ္ပဏီများအုပ်စုအား ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့ရေး အချက်အလက်များကို Justice For Myanmar ထုတ်ပြန်

*၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ၊ ၂၄ ရက်၊ မြန်မာနိုင်ငံ။* ထူးကုမ္ပဏီများအုပ်စု (HGC) သည် မြန်မာစစ်တပ်နှင့် နက်ရှိုင်းသည့် ဆက်နွယ်မှုများရှိသော အဓိကခရိုနီစီးပွားရေးလုပ်ငန်းစုကြီးတစ်ရပ် ဖြစ်သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် မြန်မာစစ်တပ်အား စစ်လက်နက်နှင့် ဘဏ္ဍာငွေကြေးအကူအညီများ ပေးအပ်နေသည့် အထောက်အထားများဖြင့် ဗြိတိန်အစိုးရက ထူးအုပ်စုနှင့် ၎င်း၏ဥက္ကဋ္ဌဖြစ်သူ တေဇတို့အပေါ် ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများ ချမှတ်ခဲ့သည်။ ထူးအုပ်စုက ၂၀၂၂ ခုနှစ် စက်တင်ဘာလ၊ ၆ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ကာ ပြန်လည်တုန့်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်တွင် ၎င်းတို့အနေဖြင့် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခြင်းအပေါ် သဘောမတူကြောင်း၊ ၎င်းတို့အပေါ် ဒဏ်ခတ် ပိတ်ဆို့မှုများ ချမှတ်ခြင်းသည် အရေးယူဆောင်ရွက်နိုင်သည့် အချက်အလက်များနှင့် အသေးစိတ်သတင်း အချက်အလက်များ ရှိမနေခြင်းကြောင့် ရှင်းလင်းချက်များကို တောင်းခံထားကြောင်း အသိပေး ပြောကြားခဲ့သည်။

တေဇနှင့် ထူးအုပ်စုအပေါ် နောက်ထပ် ဒဏ်ခက်ပိတ်ဆို့အရေးယူမှုများ ချမှတ်နိုင်ရေးနှင့် ဒဏ်ခတ်ပိတ်ဆို့မှုများကို အသက်ဝင်ဆောင်ရွက်ရေးအပေါ် ပံ့ပိုးကူညီရန်အတွက်  Justice For Myanmar က တေဇ၏ စီးပွားရေးကွန်ယက်၊ ယင်းစီးပွားရေးကွန်ယက်နှင့် မြန်မာစစ်တပ်နှင့် ၎င်း၏စစ်ကောင်စီတို့အကြား ဆက်နွယ်မှုများဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ အဆိုပါအချက်အလက်များတွင် လက်နက်ကုန်သွယ်ရေးတွင် တေဇ၏ ပါဝင်ပတ်သက်မှုအတွက် နောက်ထပ်သက်သေအထောက်အထား အဖြစ် လျှို့ဝှက်ပေါက်ကြားခဲ့သည့်  မြန်မာ့ လေတပ်နှင့် Yangon Aircraft Engineering Company Limited တို့အကြား စီးပွါးရေးဆိုင်ရာ အစည်းအဝေးမှတ်စု၊ ထို့အပြင် ထူးအုပ်စု၏ ကုမ္ပဏီခွဲနှင့် မိတ်ဖက် စီးပွားရေးလုပ်ငန်း ၆၀ တို့မှ ရှယ်ယာရှင်နှင့် ဒါရိုက်တာ ၁၃၁ ဦးတို့၏ အသေးစိတ်အချက်အလက်များ ပါရှိသည့် စာရင်းအချက်အလက်ဇယားတစ်ခု ပါဝင်သည်။

JUSTICE FOR MYANMAR

Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က *“တေဇနဲ့ သူ့ကွန်ယက်က မြန်မာစစ်တပ်နဲ့ ကာလရှည် နီးနီးကပ်ကပ်လက်တွဲခဲ့တဲ့ စီးပွားရေးမိတ်ဖက်တွေဖြစ်ပြီး စစ်တပ်ထဲမှာ စနစ်တကျ အမြစ်တွယ်နေတဲ့ အဂတိလိုက်စားမှုတွေကနေ ခုလိုမတရားချမ်းသာလာကြတာဖြစ်တယ်။ သူတို့က လုပ်ငန်းနေရာငှားရမ်းတာ၊  မြေနေရာငှါးတာ၊ ဖက်စပ်လုပ်ငန်းတွေ၊ စစ်လက်နက်နဲ့ ဆက်စပ်ဝန်ဆောင်မှုတွေ အပါအဝင် စစ်ကောင်စီနဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ စီးပွားရေးတွေကတဆင့် စစ်တပ်က လက်ရှိကျူးလွန်နေတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေမှာ ကြံရာပါအဖြစ် ပါနေကြတာဖြစ်တယ်။ တရားမဝင်စစ်ကောင်စီက ကလေးငယ်တွေအပါအဝင် အရပ်သားပြည်သူ ၁၁ဝဝ ကျော်ကို သတ်ဖြတ်တယ်၊ ၈ဝဝဝ ကျော်ကို ဖမ်းဆီးညှဥ်းပန်းနှိပ်စက်တယ်၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်တယ်၊ လူအစုအပြုံလိုက်သတ်ဖြတ်တယ်၊ ပြည်သူ့အိုးအိမ်စည်းစိမ်ကို တိုက်ခိုက်လုယူ ဖျက်ဆီးတာတွေကို ကျူးလွန်တယ်၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းတွေကို တိုက်ခိုက်တယ်၊ လူသားခြင်းစာနာထောက်ထားမှု အကူအညီတွေကို တားဆီးပိတ်ပင်နေပြီး မြန်မာ တနိုင်ငံတဝန်း ၎င်းတို့ရဲ့ အကြမ်းဖက်စစ်ဆင်ရေးကို ဆက်လုပ်နေကြတယ်။ လူမျိုးစုဒေသတွေမှာ စစ်ကောင်စီက လေကြောင်းကနေ ရမ်းသမ်းပစ်ခတ်တာ၊ ဗုံးနဲ့ အမြောက်ဆံတွေပစ်တာတွေ၊ မြေပြင်နယ်မြေရှင်းလင်းရေးတွေကြောင့် ပြည်သူ ၂၅ဝ,ဝဝဝ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။ ဒီနိုင်ငံတကာရာဇဝတ်မှုတွေကို ထူးအုပ်စုနဲ့ စီးပွားရေးလုပ်ငန်းစုကြီးတွေက အားပေးပံ့ပိုးပေးခဲ့ကြတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ တေဇ၊ သူ့မိသားဝင်များနဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ဒ့ါအပြင် မြန်မာစစ်တပ်ရဲ့ တခြားသော မိတ်ဖက်စီးပွားရေးလုပ်ငန်းစုကြီးတွေကို နောက်ထပ် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုတွေ ချက်ချင်းဆောင်ရွက်ပေးကြဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ ဖက်ဒရယ်ဒီမိုကရေစီအတွက် မြန်မာပြည်သူတွေရဲ့ ရုန်းကန်တိုက်ပွဲကို ပံ့ပိုးပေးဖို့ မဖြစ်မနေ ဆောင်ရွက်ရပါမယ်၊ စစ်ကောင်စီနဲ့ စစ်ခရိုနီများရဲ့ ရာဇဝတ်မှုလုပ်ရပ်တွေကို ဆက်လက်သည်းခံနိုင်တော့မှာ မဟုတ်ကြောင်း ရှင်းလင်းတဲ့ သတင်းစကားတစ်ရပ်ကို မဖြစ်မနေ ပေးရပါလိမ့်မယ်”* ဟု ပြောကြားခဲ့သည်။

JUSTICE FOR MYANMAR

**အယ်ဒီတာများသို့မှတ်ချက်**

Justice For Myanmar ၏ ထူး အုပ်စု နှင့် ၄င်း၏ မြန်မာ စစ်တပ်နှင့် စီးပွါးရေးလုပ်ငန်းများ စာမျက်နှာကို ကြည့်ရှုပါ။ www.justiceformyanmar.org/stories/htoo-groups-business-with-the-myanmar-military

Justice For Myanmar မှ ပြုစုထားသည့် ပစ်မှတ်ထားအရေးယူဒဏ်ခတ်မှုနှင့် ထိုက်တန်သည့် မြန်မာစစ်တပ်ထိန်းချုပ်ထားသော ကုပ္ပဏီများ၊ ဒါရိုက်တာများနှင့် လုပ်ဖော်ကိုင်ဖက်လုပ်ငန်းများ စာရင်းကို ဤတွင် ကြည့်ရှုပါ။ www.justiceformyanmar.org/stories/myanmar-military-controlled-businesses-associates-that-require-targeted-sanctions

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။

ဆုံး

ထပ်မံသိရှိလိုပါက -
ရတနာမောင်
အီးမေးလ် - media@justiceformyanmar.org
ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/
ပုံတူဝဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/
တွစ်တာ - @justicemyanmar
ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/